# “လမ်းနှစ်သွယ်”

## Two Paths

တစ်နေ့တွင် သူငယ်ချင်းတစ်ဦးကိုသွား၍ တွေ့ခဲ့သည်။ သူ့ရုံးခန်းသို့ရောက်ရန် ပြောင်လက်နေသော တံခါးနှစ်ခုနှင့် အရောင်ထွက်နေ ဓါတ်လှေကားတစ်စင်းကို ဖြတ်သန်းရသည်။ ကျွန်ုပ်အား သူ၏ကျယ်ဝန်းလှသော အစည်းအဝေးခန်းကြီးထဲသို့ ခရီးဦးကြိုပြု၍ ခေါ်ဆောင်မသွားမီ အရသာနှင့် ပြည့်စုံလှသော ကော်ဖီတစ်ခွက်ကိုတိုက်သည်။ အစည်းအဝေးခန်းမထဲရှိ နံရံကပ်ကျွန်းသားစင်ပေါ်များတွင်ကား ပုဂ္ဂိုလ်ရေးအမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ကမ္ဘာအရပ်ရပ်ရှိ ခရီးသွားကုမ္ပဏီများမှ ပေးထားသော အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် အာကာသစွမ်းရည်အတွက် ချီးမြှင့်သော ဆုအမျိုးမျိုးဖြင့် ပြည့်နှက်နေသည်။

ကျွန်ုပ်၏မိတ်ဆွေက အနည်းငယ်နောက်ကျမှ ရောက်လာခဲ့ပြီး အောင်မြင်သူ၏ အပြုံးမျိုးဖြင့် ကျွန်ုပ်ကို နွေးထွေးစွာဖက်လှဲတကင်း နှုတ်ဆက်သည်။ သူ၏ ချုပ်ရိုးချုပ်သား ကောင်းမွန်လှသော ဝတ်စုံက တစ်နေ့တာ ရှုန်းကန်လှုပ်ရှားမှုများကြောင့် အတန်ငယ်တွန့်ကြေနေသည်။ ကျွန်ုပ်၏နောက်ဘက် မှန်သားနံရံအောက်ဘက်ရှိ မြူဆိုင်းပြီး ရောက်ရက်ခတ်လှုပ်ရှားနေသော ဘန်ကောက်၏မြင်ကွင်းကို မျက်နှာချင်းဆိုင်ကာ ကျွန်ုပ်၏ရှေ့တွင်ထိုင်ချလိုက်သည်။ ထိုင်ခုံပေါ်သို့ ခြေပြစ်လက်ပြစ် ထိုင်ချလိုက်သည်။ သူ၏အပြုံးပျောက်ကွယ်သွားပြီး ပူပန်မှုလွှမ်း၍ မောပန်းသောမျက်နှာပေါ်လာသည်။

“သိပ်ပင်ပန်းနေလား” ကျွန်ုပ်က စူးစမ်းလိုက်သည်။ သူက ခေါင်းညိတ်ပြ၏။ ပင်ပန်းရှာပေလိမ့်မည်။ နေ့စဉ်အပတ်စဉ်တွင်ပင် ပင်ပန်းနေပုံရသည်။ စီးပွားရေးတစ်ဟုန်ထိုး တိုးတက်နေပြီး ကုမ္ပဏီတွင် စီမံချက်အသစ်များ တစ်ခုပြီးတစ်ခုများပြားလာသည့် မျက်မှောက်ကာလမျိုးတွင် ပို၍ပင်ပန်းပေလိမ့်မည်။ စီးပွားရေးလုပ်ငန်း အဆင်ပြေနေပြီး သူစိတ်ချမ်းသာနေသည်ဟု ပြောသော်လည်း သူ့စကားကို ကျွန်ုပ်အပြည့်အဝ မယုံခဲ့မိပါ။

နောက်ထပ် သူအိမ်တစ်လုံးဝယ်မည်ဟု ကျွန်ုပ်ကြားမိခဲ့လေသလား။ သူ၏ဇနီးသည်က ရောမရှိသူငယ်ချင်းများထံသို့ သွားရောက်လည်ပတ်နေသည်မှာ ယခုမှု တစ်လကျော်ကြာခဲ့ပြီဖြစ်သည်။ သူ၏သားသမီးများက ဩစတြေးလျတွင် ပညာသင်နေကြပြီး သူသည်လည်း မက်ဒရစ်မှ ပြန်ရောက်ကာစပင် ရှိသေးသည်။ နောက်တစ်ပတ်တွင် ဘီအမ်ဒဗလျူအရောင်းပြခန်းသို့ တတိယကားတစ်စီးရောက်လာဦးမည်။ သူနှင့်သူ၏မိသားစုအတွက် အသုံးပြုမည့်ကား အပိုများရှိခြင်းကြောင့် အဆင်ပြေချောမွေ့နေသည်။ တစ်ခုမျှ ပြောစရာမရှိပေ။ မကြာသေးမီကာလအတွင်း အပြောင်းအလဲများစွာ ဖြစ်ခဲ့သည်။ နေရာကောင်းတစ်ခုတွင် ခန်းနားကြီးကျယ်သောရုံးခန်း၊ ပြည့်စုံကျွမ်းကျင်သောဝန်ထမ်းများ၊ ပို၍ကျွမ်းကျင်သော အရောင်းမြှင့်တင်ရေး မန်နေဂျာတစ်ဦး စသည်တို့ဖြစ်သည်။ ထို့ပြင် သူ့ကုမ္ပဏီ၏ စီမံခန့်ခွဲမှု၊ အနာဂတ်ရည်မှန်းချက်နှင့် ထုတ်ကုန်ပစ္စည်းပြောင်းလဲမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ လျင်မြန်စွာတိုးတက်နေသော မျက်မှောက်ကမ္ဘာတွင် ထိုသို့အောင်မြင်ရေးအတွက် များစွာကြိုးပမ်းအားထုတ်ရပေသည်။

ကျွန်ုပ်၏ စေတနာ့ဝန်ထမ်းလုပ်ငန်းနှင့် ပတ်သတ်ပြီး ရေလွှမ်းမိုးခံရသော ဒေသတစ်ခုသို့ သွားရောက်ခဲ့သည့်အကြောင်းကို စကားစမြည်ပြောဖြစ်ကြသည်။ ကျွန်ုပ်ပြသော ဓါတ်ပုံများကို ဖျတ်ကနဲကြည့်လိုက်ပြီး ကျေးလက်ဒေသ၏ အလှတရားနှင့် ရိုးသားမှုကို ထောက်ခံပြောကြားသည်။

သူ၏ဖုန်းက မြည်လာသောကြောင့် ကျွန်ုပ်အားခွင့်ပန်ကာ ခဏကြာလျှင် ပြန်လာမည်ဟုပြောပြီး အလျင်စလိုထွက်သွားသည်။ အရေးကြီးသော ကိစ္စအချို့ပေါ်လာပြီး သူချက်ချင်းသွားရောက်ဖို့ လိုလာသည်။ “တို့တွေမကြာခင် ထပ်ပြီးဆုံကြသေးတာပေါ့။ နောက်တစ်ပတ်မှာ ဖုန်းဆက်လိုက်ဦး” ဟုပြောသည်။

မနေ့က အခြားမိတ်ဆွေတစ်ယောက်ထံသို့ ကျွန်ုပ်သွားရောက်တွေ့ဆုံခဲ့သည်။ တောကျေးလက်ဒေသရှိ ၄ကီလိုမီတာ ဝန်းကျင်တွင် ပြန့်ကျဲနေသော ဒုက္ခသည်စခန်းတစ်ခုသို့ ရောက်ရှိရန် လေထန်သော တောင်တက်ခရီးကို ၈နာရီကြာမျှ ကားမောင်းလာခဲ့ရသည်။ စိတ်လှုပ်ရှားဖွယ်မြင်ကွင်းဖြစ်သော်လည်း ပင်ကိုအားဖြင့် ဒူးဆစ်အထိနက်သော စမ်းချောင်းကလေးကို ဖြတ်လျှောက်ကာ ရွှံ့ဗွက်ထူသောလမ်းအတိုင်း ဘောင်းဘီကိုပင့်မ၍ သွားရသည်။ လမ်းပေါ်တွင် ကျွန်ုပ်ကိုမှတ်မိနေသော ကလေးတစ်ဒါဇင်ခန့်က စိတ်ထက်သန်စွာ စုရုံးလိုက်ပါလာကြသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဝါးတဲဝရှိ လှေကားထစ်တွင်ထိုင်ကာ သူမ မကြာခင်ပြန်လာပါလိမ့်မယ်ဟုပြောသော အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားသောကလေးငယ်များကို ပြုံး၍ပြလိုက်ပါသည်။ ထို့နောက် ကျွန်ုပ်ရောက်ရှိနေကြောင်းကို အခြားသူများအား ပြောပြရန် ရွာထဲရှိလူဆုံရာ ရေတွင်းဆီသို့ ပြေးထွက်သွားကြပါသည်။

တစ်မိနစ်ခန့်ကြာသော် ကျွန်ုပ်၏မိတ်ဆွေ အပြေးအလွှားရောက်ရှိလာပြီး ကျွန်ုပ်ကိုဝမ်းသာအားရ ပွေ့ဖက်ပါသည်။ ကျောပေါ်တွင်မူ ဖလကလေးငယ်ကို သိုင်း၍ပိုးထားသည်။ ပြန်လည်စုရုံးရောက်ရှိလာကြသော ကလေးတစ်အုပ်ကို တဟေးဟေးမောင်းထုတ်ရင်း ကျွန်ုပ်ကိုခရီးဦးကြိုပြုသည်။ ကလေးများကား တစ်ယောက်တစ်ပေါက်ပြောကြရင်း ကျွန်ုပ်၏ဘောင်းဘီကို ဆွဲထားကြသည်။ သူ၏တဲအတွင်းရှိ နွေးထွေးသော ခပ်မှိန်မှိန်အခန်းလေးတစ်ခန်းတွင် ကော်ဖီဖြင့်ဧည့်ခံသည်။ကျွန်ုပ်ကား သူမတိုက်သောကော်ဖီကို ဧည့်ဝတ်ကျေရန် သောက်ခဲ့ရသော်လည်း လိပ်ပြာမသန့်မိပါချေ။ ကော်ဖီတစ်ကျိုက် ကျိုက်လိုက်တိုင်း ကော်ဖီခွက်ထဲရှိ ကော်ဖီများသည် ဒုက္ခသည်တစ်ဦး၏ တစ်ပတ်စာဝေစုဖြစ်သည်ကို သိနေကြောင့်ပင်တည်း။

ကျွန်ုပ်တို့ စကားလက်ဆုံကျနေကြသော်လည်း သူမပြောသော တောင်ပေါ်သုံးစကားကြောင့် အခက်အခဲအနည်းငယ်ရှိသည့်တိုင် သူမ၏မိသားစုနှင့် သူမစောင့်ရှောက်နေသည့် မိဘမဲ့ကလေးများကို ဤလောကထဲသို့ ခေါ်ဆောင်လာခဲ့ရသော သူမ၏ဘဝသစ်ကို ရုန်းကန်နေရသည့်အကြောင်း ဝမ်းသာအားရဖေါက်သည်ချနေသဖြင့် အားတက်ရွှင်လန်းနေပုံရသည်။

“ကဲ မင်းဘာလိုအပ်ဆုံးလဲ” ကျွန်ုပ်၏ ကားလမ်းဆုံးတွင်ရပ်ထားခဲ့သော ထရပ်ကားထဲရှိ ထောက်ပံ့ရေးပစ္စည်းများထဲမှ အကောင်းဆုံးကို

သူမအားပေးရန် စဉ်းစားရင်းမေးလိုက်သည်။ ပစ္စည်းအချို့ကို ပြောပြမည်ဟု ကျွန်ုပ်ကြိုတင်ခန့်မှန်းထားမိသည်။

"ဘာမှမလိုပါဘူး" သူမကပြောလိုက်သည်။ "ကျွန်မတို့လိုသမျှကို ဘုရားသခင်က ဖြည့်ဆည်းပေးပါတယ်။ သူက ကျွန်မတို့ကို ကောင်းကောင်းစောင့်ရှောက်ပါတယ်" သူမ၏ ကလေးငယ်လေးက တအီအီငိုလာသဖြင့် ကလေးငယ်ကို တင်းကျပ်စွာပွေ့ဖက်ထားရင်း ကလေးလေးကို သူမနေ့တိုင်းခေါ်သွားသည့်အကြောင်းကို ပြောပြပြန်ပါသည်။ ကလေးငယ်လေး၏ ဘဝခရီးအစတွင် ဖြည့်ဆည်းပေးရမည့် ငွေကြေး၊ နိုင်ငံသားဖြစ်မှုနှင့် အခြားလိုအပ်ချက်များ မပြည့်စုံမှုကို တစ်လုံးတစ်ပါဒမျှ မဟခဲ့ပါချေ။

တီရှပ်ဝတ်ထားသော လူပျိုပေါက်အရွယ် ယောကျ်ားကလေးတစ်ဦးက တဲအတွင်းသို့ဝင်ရောက်လာသည်။ မိတ်ဆက်ပေးပြီးနောက် သူမ၏အနီးတွင် ခင်းထားသော ဖျာပေါ်၌ ဝင်၍ထိုင်လိုက်သည်။ ကျွန်ုပ်တို့ပြောစကားကို နားထောင်နေရင်းကပင် သူ့ပေါင်ပေါ်တွင် တင်ထားသော ဂစ်တာလေးဖြင့် ချိုမြိန်သော တေးသွားတစ်ပုဒ်ကို တို့ထိခတ်ကစားနေသည်။

"မြို့ကြီးပြကြီးမှာ နေရရင်သိပ်ကောင်းမှာပဲ" ချာတိတ်က ငေးတွေး၍ပြောလိုက်သည်။

"ဘယ်မြို့ကို ရောက်ဖူးလဲ" ဟု ကျွန်ုပ်က မေးလိုက်သည်။

"မရောက်ဖူးပါဘူး" သူက ဝမ်းနည်းစွာခေါင်းခါပြပါသည်။ ဆက်၍ "ဒါပေမဲ့ တစ်နေ့တော့ ရောက်မှာပါ။ မြို့ကြီးတစ်မြို့ကိုပြောင်းပြီး သဋ္ဌေးကြီးဖြစ်ချင်တယ်။ နာမည်ကြီးချင်တယ်" ဟုပြောသည်။

အနောက်ဘက် ကောင်းကင်ပြင်ကို အလင်းရောင်ပေးလျက်ရှိသော တောင်ပေါ်ဆည်းဆာ၏ ရင်သပ်ရှုမောဖွယ်အလှကို ကြည့်မိသည့်ပြင် တဲပြင်ပရှိ ဘော်လီဘောကစားပွဲမှ ပျော်ရွှင်စွာရယ်မောသံများကို ကြားလိုက်ရသဖြင့် ကျွန်ုပ်နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။

"သား အစစ်အမှန်လိုချင်တာက ဒါမဟုတ်ပါဘူး" ကျွန်ုပ်၏ အဖြေကြောင့် သူအံ့အားသင့်သွားသည်။ "ငါပြောတာကို ယုံကြည်လိုက်စမ်းပါ။ တစ်ခါတစ်ရံ လောကမှာ တစ်ချို့အရာတွေဟာ ငွေနဲ့စက်ပြီး ဝယ်လို့မရပါဘူးလေ"။

(ခရစ္စတီနာ အန်ဒရီးယားဆန်း)
(By. Christina Andreassen)